# သေဒဏ်စီရင်ခြင်းနောက်ဆက်တွဲနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုကို ဖယ်ထုတ်မရတော့သည့် မြန်မာ့အကျပ်အတည်း

## ဖြစ်ရပ်အချက်အလက်

ဇူလိုင် ၂၅ ရက်ထုတ် စစ်ကောင်စီသတင်းစာမှာ ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့ လေးဦးကို သေဒဏ် စီရင်ချက်အတိုင်း ပြစ်ဒဏ် စီရင်ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။ ဇူလိုင် ၂၆ ရက်က လုပ်ခဲ့တဲ့ စစ်ကောင်စီ သတင်းစာရှင်းလင်းပွဲမှာလည်း ဒါကို အတည်ပြုခဲ့ပါတယ်။

## ကနဦးသုံးသပ်ချက်

နိုင်ငံရေးအရ သေဒဏ်ပေးခြင်း ကျင့်သုံးတာဟာ အာဆီယံအပါအဝင် နိုင်ငံတချို့က လမ်းကြောင်းပေးနေတဲ့ မြန်မာနိုင်ငံကို ပုံမှန်အခြေအနေပြန်သွားဖို့ (Return to normalcy) အားထုတ်ရေးဆိုတာ မဖြစ်နိုင်တော့ကြောင်း သက်သေပြလိုက်တဲ့ နောက်ဆုံး အထောက်အထားတရပ်ပါပဲ။ တိုင်းပြည်ရဲ့ အနာဂတ်သစ် ဘယ်လို ပုံပေါ်လာမယ်ဆိုတာ မသိမြင်နိုင်သေးပေမဲ့ မြန်မာ့နိုင်ငံရေးမှာ ရှိရင်းစွဲအတိုင်း (Old normal) ကနေ အကျပ်အတည်းပြဿနာကို အကဲဖြတ်ပုံ၊ ကြောင်းကျိုးဆင်ခြင် တည်ဆောက်နားလည်ပုံနဲ့ ဖြေရှင်းနည်း စဉ်းစားပုံတွေဟာ အောင်မြင်ဖို့ မရှိနိုင်တော့ပါဘူး။


ISPONPOINT

ယခုဖော်ပြသည့် ISP’s OnPoint ကဏ္ဍတွင် လတ်တလော ဖြစ်ပေါ်နေသော ထူးခြားအရေးပါသည့် ဖြစ်ရပ်များနှင့်ပတ်သက်၍ ဆီလျော်မည့် ကနဦးသုံးသပ်ချက်များကို ကျစ်ကျစ်လျစ်လျစ် ပိုင်းခြားရေးသားပြီး ဖြစ်တန်ခြေများအား ISP-Myanmar က အကဲဖြတ် ဖော်ပြနေခြင်းဖြစ်သည်။

ဒီလို နိုင်ငံရေးအရ သေဒဏ်ပေးမှုကို ကျင့်သုံးတာဟာ စစ်ကောင်စီရဲ့ အောက်ခြေနဲ့ အလယ်အလတ်အဆင့် ဘက်တော်သားတွေသာမက စစ်ကောင်စီ ခေါင်းဆောင်ပိုင်းမှာပါ လက်စားချေရေးသဘောထားဟာ မူဝါဒတခုဖြစ်တယ်ဆိုတာ ထင်ရှားစေတဲ့ သက်သေတရပ်ပါပဲ။ တခါ စစ်အာဏာသိမ်းမှုအလွန် လက်နက်ကိုင် ပဋိပက္ခတွေအတွင်း အကျအဆုံး အထိအခိုက်များနေတဲ့ စစ်ကောင်စီတပ်သားတွေအတွက် စိတ်ဓာတ်မြှင့်တင်ရေး ဆောင်ရွက်ချက်လည်း ဖြစ်နိုင်ပါတယ်။ နှစ်ပေါင်း ၄၀ ကျော်အတွင်း နိုင်ငံရေးအရ သေဒဏ်ပေးမှုမရှိခဲ့ဘဲ အခု စစ်ကောင်စီလက်ထက်မှာ သေဒဏ်စီရင်မှုကို စလိုက်တာဟာ တမံချိုးလိုက်သလို ဖြစ်သွားပါပြီ။ စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုတွေနဲ့ နီးနွယ်ပြီး သေဒဏ်ချမှတ်ခံထားရသူတွေကို စီရင်မှုတွေ ဆက်တိုက်လုပ်လာတော့မလားဆိုတာ စိုးရိမ်စရာ ဖြစ်ရပါတယ်။ အခုချိန်အထိ (မျက်ကွယ်သေဒဏ် အပါအဝင်) သေဒဏ်ချမှတ်ခံထားရသူ ၁၂၉ ဦးထက်မနည်း ရှိပါတယ်။ ဒီအထဲမှာ ၈၂ ဦးဟာ အကျဉ်းထောင်တွေမှာ အဖမ်းခံထားရပြီး လေးဦးကို သေဒဏ်စီရင်ကြောင်း တရားဝင် ထုတ်ပြန်ထားပါတယ်။

ကုလသမဂ္ဂ၊ အာဆီယံ၊ အနောက်နိုင်ငံများ၊ ဂျပန်နဲ့ မလေးရှားတို့က သေဒဏ်စီရင်မှုကို ပြင်းပြင်းထန်ထန်ရှုတ်ချကြပေမဲ့ အိမ်နီးချင်းတွေဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ ထိုင်းနဲ့ ၂၀၂၃ ခုနှစ်မှာ အာဆီယံအလှည့်ကျဉက္ကဋ္ဌအဖြစ် တာဝန်ယူမယ့် အင်ဒိုနီးရှားနိုင်ငံတွေက (အခုသုံးသပ်ချက် ဖော်ပြချိန်အထိ) တရားဝင် မှတ်တမ်းဖြစ်စေမယ့် ပြစ်တင်ရှုတ်ချသောကြေညာချက်တွေထုတ်တာ မတွေ့ရသေးပါဘူး။ ဒါဟာ မြန်မာ့အကျပ်အတည်း ဖြေရှင်းရေးမှာ အထူးအရေးပါတဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ စစ်ကောင်စီနဲ့ ဆက်ဆံရေးဆိုင်ရာ မူဝါဒကို ထင်ဟပ်နေမလား စောင့်ကြည့်ရဖွယ်ရှိပါတယ်။ အထူးသဖြင့် သေဒဏ်စီရင်တဲ့ ဆုံးဖြတ်ချက်ဟာ စစ်ကောင်စီဉက္ကဋ္ဌရဲ့ ရုရှားခရီးစဉ်အပြီးမှာ ဆောင်ရွက်တာဖြစ်လို့ နိုင်ငံရေးအရ ဖျောင်းဖျတောင်းဆိုမှုမရှိဘဲ ကျောထောက်နောက်ခံပေးနေတဲ့ နိုင်ငံတွေ စစ်ကောင်စီဘက်မှာ ရှိနေတယ်ဆိုတာ သတိချပ်ရမယ့်သဘော ဖြစ်ပါတယ်။

**၁၃ ဒသမ ၃၅ ရာခိုင်နှုန်းသည် သေဒဏ်နှင့်တကျွန်း ချမှတ်မှုများဖြစ်**



၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုအလွန် စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ထောင်ချခံခဲ့ရသူများအနက် **၁၃ ဒသမ ၃၅ ရာခိုင်နှုန်း**သည် သေဒဏ်နှင့် တကျွန်း ကျခံရသူများဖြစ်သည်။ သေဒဏ်ကျခံရသည့် ပမာဏမှာ **၆ ဒသမ ၀၈ ရာခိုင်နှုန်း**ရှိပါသည်။


မှတ်ချက် - ယခု ကိန်းဂဏန်းများမှာ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၆ ရက်အထိ လက်လှမ်းမီသမျှ သိရသော အချက်အလက်များအား မူတည် တွက်ချက်ထားခြင်းဖြစ်သည်။

## ဖြစ်တန်ခြေအကဲဖြတ်ချက်

နိုင်ငံရေးအရ သေဒဏ်ပေးခြင်းကို ကျင့်သုံးလိုက်တာဟာ နဂိုကတည်းက နောက်ကျိုညစ်ထေးနေတဲ့ နိုင်ငံရေးအခင်းအကျင်းကို အဆိပ်ခတ်လိုက်သလိုပါပဲ။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းရေးဆိုတဲ့ အလားအလာဟာ လက်ရှိ စစ်ကောင်စီခေါင်းဆောင်မှုအောက်မှာ ဖြစ်တန်ခြေ မရှိသလောက် နည်းသွားနိုင်ပါတယ်။ လက်ရှိ စစ်ကောင်စီခေါင်းဆောင်တွေကို ဆွေးနွေးဖက် (Stakeholders) များအဖြစ် သဘောထားဖို့ထက် ရာဇဝတ်မှု ကျူးလွန်သူများအဖြစ် ပုံဖော်သတ်မှတ်မှုများ ပိုမိုတွင်ကျယ် မြင်သာလာနိုင်ပါတယ်။ အာဆီယံအနေနဲ့ပဲဖြစ်ဖြစ်၊ အာဆီယံအပေါင်း (ASEAN Plus) နိုင်ငံများအနေနဲ့ပဲဖြစ်ဖြစ် နိုင်ငံတကာရဲ့ ကြားဝင်ဖျန်ဖြေရေးလမ်းစ ပိတ်သလောက် ဖြစ်သွားနိုင်ပါတယ်။ နိုင်ငံတကာမှာ မြန်မာစစ်ကောင်စီကို ပြစ်ဒဏ်ခတ်ဖို့ လှုံ့ဆော်လှုပ်ရှားမှု ပိုအားကောင်းလာနိုင်ပြီး ဒဏ်ခတ်မှုတချို့ တိုးလာဖွယ်ရှိပါတယ်။

ဒါပေမဲ့ စစ်ကောင်စီအတွက် အဓိက ဝင်ငွေရလမ်းဖြစ်တဲ့ မြန်မာ့စွမ်းအင်ကဏ္ဍကို ပိတ်ဆို့အရေးယူမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာဖို့နဲ့ ထိရောက်ဖို့ကတော့ ဖြစ်တန်ခြေ နည်းနိုင်ပါသေးတယ်။ ပြည်တွင်းမှာလည်း မြို့ပြယူဂျီတိုက်ခိုက်မှုတွေ ပိုများလာနိုင်ပါတယ်။ အလားတူ အတိတ်ကရှိခဲ့တဲ့ စွမ်းအားရှင်ပုံစံမျိုး အရပ်သားအသွင်ယူ အုပ်စုဖွဲ့တိုက်ခိုက်မှုတွေ ဖြစ်လာနိုင်ပြီး တရားဥပဒေစိုးမိုးမှု ပိုကင်းမဲ့လာဖွယ် ရှိပါတယ်။ စစ်ကောင်စီရဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်မှု နောက်ဆက်တွဲ ဒုတိယအကျော့မှာ စစ်ကောင်စီနဲ့ ထပ်မံတွေ့ဆုံဖို့ စီစဉ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင် (EAOs) အဖွဲ့တွေအတွက်လည်း အထူး အကျပ်ရိုက်စေနိုင်ပါတယ်။ မြန်မာ့အကျပ်အတည်း ဖြေရှင်းရေးအတွက် အားထုတ်မှု မှန်သမျှမှာ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု (Transitional justice) ဟာ ဖယ်ထုတ်မရတဲ့ လိုအပ်ချက် ဖြစ်တယ်ဆိုတာ ခိုင်မာသထက် ပိုမိုခိုင်မာလာပါတယ်။ ■


### သေဒဏ်နှင့်တကျွန်းချခံထားရသူ ၂၂၇ ဦးထက်မနည်းရှိ




၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများနှင့်ဆက်နွှယ်၍ သေဒဏ်နှင့် တကျွန်းချခံထားရသူ ၂၂၇ ဦးထက်မနည်း ရှိပါသည်။ သေဒဏ်ချမှတ် ခံထားရသူများအနက် ၄၇ ဦးသည် မျက်ကွယ်သေဒဏ် ချမှတ်ခံထားရသူများဖြစ်ပြီး၊ ကျန် ၈၂ ဦးသည် အကျဉ်းထောင်များအတွင်း ရှိနေကြသူများဖြစ်သည်။ ထို့အတူ တကျွန်းချခံထားရသည့် ၉၈ ဦးသည်လည်း အကျဉ်းထောင်များအတွင်း ရှိနေပါသည်။

## မြို့နယ်အလိုက် သေဒဏ်ချမှတ်ခံရသူများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၆ ရက်အထိဖြစ်သည်။







သေဒဏ်ချမှတ်ခံရသူ ၁၂၉ ဦးအနက် ၁၁၉ ဦးသည် ရန်ကုန်တိုင်းအတွင်းမှ ဖြစ်ကြပြီး ဧရာဝတီတိုင်းမှ ခြောက်ဦး၊ ရှမ်းပြည်နယ်မှ လေးဦးတို့ ပါဝင်သည်။ **ရန်ကုန်တိုင်းမှ တဦးနှင့် ဧရာဝတီတိုင်းမှ ခြောက်ဦးတို့၏ မြို့နယ်များကိုမူ မသိရှိရသေးပါ။** ရန်ကုန်တိုင်းအတွင်းမှ သေဒဏ်ချမှတ်ခံထားရသူများ အားလုံးကို စစ်ခုံရုံးများက စီရင်ချက် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ရည်ညွှန်း - ယခုဖော်ပြပါအချက်အလက်များသည် လွတ်လပ်သောသတင်းမီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအပေါ် အခြေပြု၍ ISP-Myanmar က လက်လှမ်းမီသမျှ စုစည်းထားခြင်းဖြစ်သည်။ မြေပြင်တွင် ယခုထက် ပိုမိုများပြားနိုင်ပါသည်။